VERMONT
DEPARTMENT OF HEALTH

# နိုက်ထရိတ်/နိုက်ထရစ် များဖြင့် သောက်ရေစစ်ဆေးခြင်း

## ဇီဝမဟုတ်သော စစ်ဆေးခြင်း (Kit $N_3N_2$ သို့မဟုတ် Kit AN သို့မဟုတ်

သင့်သောက်ရေကို စစ်ဆေးသည့်အတွက် ကျေးဇူးတင်ပါသည်။ သင့်သောက်ရေကို စစ်ဆေးခြင်းအကြောင်း ပိုမိုသိရှိရန် နှင့် ဗီဒီယိုကြည့်ရန် www.healthvermont.gov/water ကို ဝင်ရောက်ကြည့်ရှုပါ။



## 1. ပြင်ဆင်ခြင်း

- ရေခဲစက်ထဲတွင် ရေခဲထုပ်(များ) ကို အချိန်ကြိုတင်ထည့်ထားပါ။
- သင်ပို့မည့်ရက် နံနက်တွင် နမူနာကို စုဆောင်းရယူရန် စီစဉ်ထားပါ။
- သင်စစ်ဆေးလိုသည့် သောက်ရေအရင်းအမြစ်သို့ သွားပါ။
- ရေနမူနာပုလင်း၏ အဖုံး သို့မဟုတ် နှုတ်ခမ်းအတွင်းပိုင်းကို မထိပါနှင့်။
- ရေပိုက်အတွင်းရှိနေသည့် ရေများကို ဖယ်ရှားရန် ရေအေးကို **3-5 မိနစ်ခန့် အရှိန်ပြင်းပြင်းဖြင့်** ဖွင့်ထားပါ။
- **သင့်ရေနမူနာကို စုဆောင်းရန်အတွက် ရေအရှိန်ကို အသင့်အတင့်သို့** ပြန်ပြောင်းပါ။



## 2. စုဆောင်းခြင်း

- နမူနာပုလင်းကို လည်ပင်းအထိဖြည့်ပြီး ရေမစိမ့်အောင် အဖုံးကို ကျပ်ကျပ်ပိတ်ပါ။
- ရေနမူနာ ရယူခဲ့သည့် ရက်စွဲ နှင့် အချိန် အပါအဝင် **ရေနမူနာစုဆောင်းခြင်း အချက်အလက်ပုံစံ**ကို ဖြည့်စွက်ပါ။
- သင့်ရေထဲတွင် **ဆေးခပ်ပါက** ယင်းအကြောင်းကို ပုံစံထဲတွင် ဖြည့်ပါ (ဥပမာ - ရေသွက်ဆေး)
- ပုံစံအမှန်နှင့် ကိုက်ညီစေရန် နမူနာပုလင်းတွင် စာတမ်းကပ်ပါ။ (ဥပမာ - John Smith, kitchen sink စသည်ဖြင့်)

## 3. ပြန်ပို့ခြင်း

- **ရေခဲထုပ်(များ)** ကိုထည့်ပြီး ကျပ်ကျပ်ပိတ်ထားသော ရေနမူနာပုလင်းကို ပေးထားသည့် ပလတ်စတစ်အိတ် သို့မဟုတ် အပူကာ အိတ်ရှည်ထဲတွင် ထည့်ပါ။
- ပလတ်စတစ်အိတ် သို့မဟုတ် အပူကာအိတ်ရှည်ကို ပုံးထဲတွင်
  - ဖြည့်စွက်ထားသော **ရေနမူနာစုဆောင်းခြင်း အချက်အလက်ပုံစံ** နှင့်အတူ ထည့်ပါ။ ပုံစံကို မစိုစေရန် ပိတ်ထားသည့် ပလတ်စတစ်အိတ်ထဲတွင် ထည့်ရန် အကြံပြုအပ်ပါသည်။
- သင့်နမူနာကို ကျန်းမာရေးဌာန ဓာတ်ခွဲခန်းသို့ **48 နာရီ** အတွင်းရောက်စေရန်အောက်ပါတို့မှ တစ်ခုမဟုတ်တစ်ခု လုပ်ပါ -
  - **ဓာတ်ခွဲခန်းသို့ ယူလာပါ**- 359 South Park Drive, Colchester, Vermont (တနင်္လာနေ့ မှ သောကြာနေ့ထိ၊ နံနက် 7:45 နာရီ- ညနေ 4:30 နာရီ)
  - **ခရိုင်ရုံးတွင် ချန်ထားခဲ့ပါ** - ချန်ထားခဲ့နိုင်သည့် လိပ်စာများနှင့် အချိန်များကို တွဲလျက်ပါစာရွက်များတွင် ကြည့်ပါ။ နမူနာများကို **တနင်္လာ - ကြာသပတေးနေ့** တွင်သာ လက်ခံပြီး ချန်ထားခဲ့နိုင်သည့် အများဆုံးအချိန်များမှာ နေခင်းပိုင်းများ ဖြစ်ပါသည်။ သင့်ရေနမူနာကို စုဆောင်းခဲ့သည့်ရက်သည် ချန်ထားခဲ့သည့်ရက်နှင့် တစ်ရက်ထဲဖြစ်ရပါမည်။
  - **USPS ဖြင့် တစ်ညကြို၍ပို့ခြင်း -** PO Box 1125, Burlington, VT 05402-1125. **သောကြာနေ့ သို့မဟုတ် စနေနေ့တွင် စာတိုက်မှ မပို့ပါနှင့်**

ကျေးဇူးပြု၍ ကျော်သွားပါ။

## မေးလေ့မေးထရှိသော မေးခွန်းများ

### စစ်ဆေးရန် လက်ခံနိုင်သော နမူနာတစ်ခုကို ပို့ရန် ဘယ်လိုလုပ်ရပါမလဲ။

တစ်ခါတစ်ရံတွင် "အရည်အသွေးပြည့်မီရန်" လိုအပ်သည့် နမူနာများကို လက်ခံရရှိရတတ်ပါသည်၊ နမူနာများသည် စစ်ဆေးရန် လိုအပ်ချက်များနှင့်မကိုက်ညီ ဖြစ်နေတတ်သည်ဟု ဆိုလိုပါသည်။ လက်ခံနိုင်သော သောက်ရေနမူနာ တစ်ခုတင်ပြရန် သင်လုပ်နိုင်သော အရာအချို့ကို ဤနေရာတွင် ကြည့်ပါ။

- ရေနမူနာကို ဓာတ်ခွဲခန်းမှထုတ်ပေးထားသည့် ရေနမူနာပုလင်းဖြင့် ပို့ပေးပါ။
- ကလိုရင်းအနံ့ပြင်းသော နမူနာကို မပို့ပါနှင့် - ကလိုရင်းအများအပြား ပါရှိပါက အချို့သောစစ်ဆေးမှုများကို အနှောက်အယှက်ပေးနိုင်ပါသည်။
- **ရေနမူနာ စုဆောင်းခြင်း အချက်အလက်ပုံစံကို မှန်ကန်စွာ ဖြည့်စွက်ထားကြောင်း** သေချာအောင်လုပ်ပါ။
- ရေနမူနာပုလင်းကိုဖြည့်လိုက်သည့်အချိန်မှ **48 နာရီအတွင်း ဓာတ်ခွဲခန်းသို့**နမူနာရောက်ကြောင်း သေချာပါစေ။
- ဓာတ်ခွဲခန်းသို့ သင့်ရေနမူနာရောက်ချိန်အထိ အပူချိန်သည် 42 ဒီဂရီ ဖာရင်ဟိုက်(6° ဒီဂရီ ဆဲလ်စီးရပ်စ်) ထက်နည်းနေစေရန် - အေးသော်လည်း မခဲနေစေရန် - **ရေခဲထုပ်များ နှင့် အအေ◌◌းခံဘူးများကို သုံးပါ။**

### စစ်ဆေးအဖြေများမှ ဘာကို မျှော်လင့်ထားနိုင်ပါမလဲ။

ရေနမူနာကို လက်ခံရရှိပြီးနောက် စစ်ဆေးရေးအဖြေကို ရုံးဖွင့်ရက် 7 ရက်အတွင်း စာတိုက်မှပို့ပေးပါလိမ့်မည်။

### ကျွန်ုပ်၏ သောက်ရေထဲရှိ ညစ်ညမ်းပစ္စည်းများက ကျန်းမာရေးအပေါ်တွင် သက်ရောက်မှုများဆိုင်ရာ အချက်အလက်အကြောင်းကို ဘယ်မှာရှာကြည့်လို့ရမလဲ။

အချက်အလက်ပိုမိုရရှိရန်နှင့် သင့်သောက်ရေကို စစ်ဆေးခြင်းအကြောင်း ဗီဒီယိုကြည့်ရန် healthvermont.gov/waterကို ဝင်ရောက်ကြည့်ရှုပါ။